၁၃၇၁ ခုနှစ်၊ တော်သလင်းလဆုတ် (၁၂)ရက်။ အင်္ဂါနေ့။
ရက်စွဲ၊ ၂၀၀၉ ခု၊ စက်တဘ်ာလ (၁၅)ရက်၊

## အိမ်ပြန်လမ်းမှ လက်ကမ်းစာများ (၃)

အကြောင်းအရာ။ **။ ရခိုင့်လက်နက်ကိုင် တော်လှန်ရေးနှင့် လက်နက်မဲ့ နိုင်ငံရေး အဘယ်ကြောင့် မကြီးထွားပါသလဲ။**

ကိုယ့်ထီးကိုယ့်နန်းနှင့် သီးခြားလွတ်လပ်စွာ ထယ်ထယ်ဝါဝါ ရှိနေခဲ့သော အဖရခိုင်ပြည်ကြီးသည် (ဥဩ ရေသောက် မင်းဆက်ပျောက်) ဟူသော နံသင့်အက္ခရာ ကိန်းအရ ရခိုင်သက္ကရာဇ် ၁၁၄၆ ခုနှစ်ကစ၍ ဗမာမင်းဆိုး၊ မင်းယုတ် မောင်ဝိုင်း၏ မတရား ကျူးကျော်စစ်ကြောင့် ဗမာ့လက်အောက် ကျွန်သဘောက်ဘဝသို့ ရောက်ခဲ့ ရသည်မှာ ယနေ့ဆိုပါလျှင် နှစ်ပေါင်း ၂၂၅ နှစ် ရှိခဲ့ပြီ ဖြစ်ပါသည်။ ထိုမတရား ကျူးကျော် စစ်ပွဲကို အရှုံးပေးခဲ့ရ သည်မှာ ထိုစဉ်က ရှိနေခဲ့သော ဝတီလေးရပ်တို့သည် ညီညွတ်မှုမရှိပဲ ဝါးအစည်းပြေသကဲ့သို့ တကွဲတပြားစီ ထင်ရာ စိုင်းနေခဲ့ကြခြင်းကြောင့် (ယခုနိုင်ငံရေး ပါတီများကဲ့သို့ တကွဲတပြားစီ ညီညွတ်မှု ပျက်ပြားနေကြခြင်းကြောင့်) ရခိုင် တို့ စစ်ရှုံးခဲ့ရခြင်းဖြစ်ပြီး ထီးပျောက်၊ နန်းပျောက်၊ ပြည်ပျောက်ဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်ပေသည်။

ယင်းအချိန်မှစ၍ တဗိုလ်ဆင်း တဗိုလ်တက် တပါတီပျက် တပါတီထောင်ကြကာ အဖရခိုင်ပြည်ကြီးအတွက် မွန်မြတ်သော စိတ်ထားများဖြင့် မတထောင် တကောင်ဖွား ရခိုင့်အာဇာနည်များတို့ ကြိုးပမ်းခဲ့ကြပါသော်လည်း ယနေ့အချိန်ထိ အင်အားတောင့် တင်းသော (အဖရခိုင်ပြည်သူများ လေးစားအားထားလောက်သော အဆင့်အတန်း သို့ ရောက်မည်ဝေးစွ) အင်အား တဖြည်းဖြည်း ချိနဲ့သည်ထက် ချိနဲ့လာသည်သာမက အကွဲအပြဲများ အချင်းချင်း တိုက်ခိုက်မှုများဖြင့်သာ အရုပ်ဆိုး၊ အကျည်းတန်စွာ ရပ်တည်လျှက် ရှိနေကြပေသည်။ ကိုယ့်ပြည်ကိုကိုယ့်ပြန်ရရန် တိုက်ရမည်ဆိုသည်မှာ တရားသော စစ်ပွဲဖြစ်ပါလျှက် အောင်မြင်မှုရမည့်အရေးကို အိပ်မက်ပင်မမက်နိုင် အင်အား ကြီးထွားရေးဆိုသည်မှာလည်း လက်တွေ့ဖြစ်ပျက်နေမှုများအရ လုံးဝမဖြစ်နိုင်ပဲ ရုပ်ပျက်ဆင်းပျက် ဖြစ်နေရပါသည်။

အကျွန်ုပ်၏ လေးဆယ့်ခုနှစ် (၄၇)နှစ်ကြာ နိုင်ငံရေး အတွေ့အကြုံများ သေဘေးမှ အကြိမ်ကြိမ် လွတ်ခဲ့ရသော ကြောက် ခမန်းလိလိ အတွေ့အကြုံများအရလည်းကောင်း ရခိုင်အရေး အဘယ်ကြောင့် ဤသို့ပျက်ကိန်းနှင့် ကြုံနေရသည်ကို အောက်ပါအတိုင်း အနှစ်ချုပ်၊ အကျဉ်းရုံး သုံးသပ်တင်ပြ အပ်ပါသည်။ (မည်သည့် ပုဂ္ဂိုလ်ကိုမျှ ပုဂ္ဂိုလ်စွဲအရ မရည်ရွယ်မတိုက်ခိုက်ပါ၊ မည်သည့်ပါတီ ကိုမျှလည်း နိုင်ငံရေးအရ မတရားသဖြင့် စွပ်စွဲအပုဒ်ချခြင်း မဟုတ်ပါ၊ အဖရခိုင်ပြည်ကြီး၏ အကျိုးစီးပွားကို ထောက်ထားလျှက် အမှန်အတိုင်း တင်ပြခြင်းသာ ဖြစ်ပါသည်။)

(၁) နိုင်ငံရေး ပါရာဇိက ပြစ်မှုကြီးများ အကြိမ်ကြိမ် ကျနေကြခြင်း။
(၂) သူခိုးကို ဓါးရိုးကမ်းခဲ့ကြခြင်း၊ ယခုလည်း ကမ်းနေကြဆဲဖြစ်ခြင်း။
(၃) တဖွဲ့၏ လက်နက်ကို တဖွဲ့က လုနေကြခြင်း။
(၄) တဖွဲ့နှင့်တဖွဲ့ အကြိမ်ပေါင်းများစွာ သွေးမြေကျ တိုက်နေကြခြင်း စသော အကြောင်းများကြောင့် ရခိုင့် လက်နက်ကိုင် တော်လှန်ရေးလည်း မကြီးထွား၊ လက်နက်မဲ့ နိုင်ငံရေးပါတီများလည်း မကြီးထွားပါပဲ နောက်လိုက်ရဲဘော်များသာလျှင် ဘဝပျက်ကြရခြင်း၊ ဒုက္ခမျိုးစုံတွေ့နေကြခြင်းများသာလျှင် အဖတ် တင်နေခဲ့ပေသည်။ (ရခိုင့်ခေါင်းဆောင်ကြီးများကို အားကိုးတကြီးဖြင့် ကျရာတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အဖိုးတန် ရခိုင်မျိုးချစ်လူငယ်များ မရေမတွက် နိုင်အောင် အသက်စွန့်ခဲ့ကြရပြီး မသေပဲ ကျန်နေသော ပြည်ချစ်ရခိုင်လူငယ်များ ဒုက္ခပင်လယ် ကျယ်သည်ထက် ကျယ်နေကြရပြီ ဖြစ်ပေသည်။)

အဖရခိုင်ပြည်ကြီးသားတို့၏ လက်နက်ကိုင်တော်လှန်ရေးနှင့် လက်နက်မဲ့ပါတီနိုင်ငံရေး ကြီးထွားရန်နှင့် အောင်မြင်ရန် တို့အတွက် (ကွင်းထဲရှိ စကားများကို ဗမာအသံထွက်ဖြင့် ဖတ်ပါ။)

(က) (ပြင်၍ ပြင်၍ညာတတ်သော ပြင်ညာတတ်)၊ ပြင်ညာတတ် ခေါင်းဆောင်များ မဟုတ်သော အမှားအမှန်နှင့် လုပ်သင့်မလုပ်သင့်တို့ကို ခွဲခြမ်းစိပ်ဖြာ လက်တွေ့ကျင့်သုံးနိုင်သော နှလုံးရည်နှင့် ရုပ်ဝတ္ထုများ ရှာဖွေ ရရှိနိုင်သော လက်ရုံးရည်ရှိသည့် ခေါင်းဆောင်ခေါင်းများ အထူးလိုအပ်နေသည်။

(ခ) တိုင်းချစ်ပြည်ချစ် စိတ်ဓါတ်ကို အခြေခံပြီး တရားနည်းလမ်းကျသော အထက်စည်းကမ်းကို ကျေပွန်စွာ ထမ်းဆောင်မည့် စည်းကမ်းရှိသော ရဲဘော်ကောင်းများ အထူးလိုအပ်နေသည်။ ထိုနှစ်ချက် ပြည်စုံပါမှသာလျှင် ရခိုင်တို့ အရေးသည် မုချအောင်ပွဲ ရပါလိမ့်မည်။ လက်ရှိအခြေအနေအတိုင်း ရှေ့ဆက်သွားနေကြပါက နိုင်ငံတကာ အလယ် ရှက်ဖွယ်ရာများဖြင့်သာ ကြုံနေကြရမည်ဖြစ်ပြီး အဖရခိုင်ပြည်သူများ၏ တံတွေထွေးခွံ၌ (မဆလ၊ နဝတ၊ နအဖ အစရှိသော အာဏာရူး၊ ပြည်သူ့ချဉ်ဖတ်၊ လူသတ်ကောင်၊ ဓါးပြကောင်၊

သမိုင်းတရားခံ၊ မဟာတိရိစ္ဆာန်များ ကဲ့သို့) ပလတ်မျော၊ မှောက်ခုံမျော၊ ဘေးတိုက်မျော စသည်ဖြင့် မျောမြဲမျောလျှက်သာ ရှိနေပေလိမ့်မည်။

သို့ဖြစ်ပါ၍ နိုင်ငံတကာနှင့် အဖရခိုင်ပြည်ကြီးအတွင်းမှ အရည်အခြင်းရှိကြပြီး ရိုးသားဖြူစင်သော၊ အမြော်အမြင်ကြီးမား၍ ခံနိုင်ရည်ရှိမည်ဖြစ်သော ရခိုင်မျိုးချစ်ပြည်ချစ်များသည် လက်ရှိဖြစ်ပျက်နေသော ပျက်စီးယိုယွင်းနေမြဲ၊ နောက်ဆုတ်ကွဲပြဲနေမြဲ ပကတိဖြစ်ရပ်မှန်များကို သခ်ိန်းစာယူကြကုန်လျှက် ရိုးသားမှုကို အရင်းခံပြီး ရခိုင်တပ်မတော် အသစ်နှင့် ရခိုင်နိုင်ငံရေးပါတီအသစ် တခုကို အထူးအလေးထား ထူထောင်ကြပါရန် လေးနက်စွာ တိုက်တွန်း၊ ဦးညွှတ်၊ ပန်ကြား တင်ပြအပ်ပါသည်။

အဖရခိုင်ပြည်ကြီး၏ အရေးကို အကျွန်ုပ်အရေးဟု ခံယူသော သမိုင်းပေးတာဝန် အစစ်အမှန်ဖြင့်



၈၈၈၈ ရခိုင့်သပိတ် ရဲဘော်ကြီး
ရဲဘော် စောရာဇာ
ရခိုင်–ဘင်္ဂလာဒေ့ချ်နယ်စပ်

နောက်ဆက်တွဲ (၁) အကျွန်ုပ်သည် ၁၉၆၂ ခု၊ အောက်တိုဘာလမှစ၍ ဥက္ကဋ္ဌ ကျော်ဇံရှီး ဦးဆောင်သော ရခိုင်ပြည်ကွန်မြူနစ် ပါတီ၌ မြေအောက်တာဝန်ခံအဖြစ် ၁၉၇၈ အထိ တာဝန်အမျိုးမျိုးကို သက်စွန့်ဆံဖျား ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ (ထိုစဉ်က ဗဟိုကော်မတီများဖြစ်သော ကိုဇော်မင်း၊ ကိုဇော်လင်း၊ ကိုစံလှဖော်၊ ကိုထွန်းအောင်ဖြူ၊ ကိုသာထွန်းအေး)နှင့် ပါတီအဖွဲ့ဝင်များအားလုံး သိကြပါသည်။ (မင်းပြားမြို့နယ်၊ မနီချောင်း၊ အထောက်စခန်းသို့ ကျည်ဆံနှင့် ရိက္ခာများပို့ရန် လှေတစင်းဖြင့် အကျွန်ုပ်တယောက်တည်း တာဝန်ယူပို့ဆောင်ခဲ့စဉ် စခန်းသို့ မရောက်မီ အကျွန်ုပ်ထက်အလျှင် ရောက်နေသော မြေဘုံမြို့နယ် စစ်တပ်က အကျွန်ုပ်လှေကို ဒလစပ်ပစ်ခတ် သဖြင့် လှေပေါ်မှခုန်ချကာ သင်းပန်းခြုံများအောက်၌ တနာရီကျော် ငုပ်တလှည့် ပေါ်တလှည့် ပုန်းနေခဲ့ရသည့် စစ်တပ် အပစ်ရပ်သောအခါ ခါးဝတ်မပါပဲ ကိုယ်တုံးလုံးဖြင့် ကမ်းနီးရွာ အထောက်စခန်းကို ရောက်အောင်ထိ လင်းကြဲ တုံးတုံး ပြေးခဲ့ရပုံ)နှင့် တခြားသော သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ခဲ့သည်များကို ထိုစဉ်က ပါတီလူကြီးများအားလုံး အသိဖြစ်ပါသည်။

၈၈၈၈ ပြည်သူ့တော်လှန်ရေးကြီး၌လည်း မင်းပြားမြို့နယ် သပိတ်စခန်း၌ အစအဆုံး ရှေ့တန်းမှ အသေခံပါဝင် တာဝန်ယူခဲ့ပြီး နဝတ အာဏာရူးများ ဒုတိယအကြိမ် အရူးထက်ချိန် ၁၉၈၈ စက်တင်ဘာ ၁၈ ရက် ညနေ ၈ နာရီခန့်တွင် အကျွန်ုပ်အိမ်ကို တပ်စိပ်တစိပ်က (မအေလိုး ခေါင်းပေါင်းကြီး ထွက်ခဲ့ကွ၊ လီးဒီမိုကရေစီ လာယူကွ၊ လီးဒီမိုကရေစီ တရားလာဟောကွ)ဟု ယဉ်ကျေးသိပ်မွေ့စွာ ဖိတ်မန္တကပြုပြီး ဂျီးသရီးကျည်ဆံများဖြင့် ငါးမိနစ်ခန့် ဒလစပ်ပစ်ခတ် လက်ဆောင်ဆက်သရာမှ ကံကောင်းထောက်မ၍ တိုင်းခြားပြည် ခြား၌ ယခုကဲ့သို့ အရှင်လတ်လတ် ငရဲကျခံနေရသူ ဖြစ်ပါသည်။

၁၉၈၈ ခု၊ စက်တင်ဘာလ ၂၃ ရက် ပြည်ပကို ရောက်သည့်အချိန်မှစ၍ ရခိုင်ပြည်အမျိုးသားညီညွတ်ရေးတပ်ဦး၊ ရခိုင်ပြည်အထွေထွေ သပိတ်ကော်မတီ၊ ရခိုင်ပြည်ထွက်ရပ်လမ်းကော်မတီ၊ ရခိုင်ပြည်တပ်မတော် (ရဲဘော်–၀၀၈) စသည်များဖြင့် ပေးအပ်သော တာဝန် မျိုးစုံကို ရိုးသားစွာဖြင့် အတတ်နိုင်ဆုံး တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သို့ပါသော်လည်း အထက်ကတင်ပြခဲ့သော အချက်လေးချက်အတိုင်း ရခိုင်ပြည်တော်လှန်ရေးနှင့် နိုင်ငံရေးများ၏ အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျကျ သိမြင်လာချိန်မှစ၍ ပြင်ပ၌ ရိုးသားစွာ ကိုယ့်အားကိုယ်ကိုး ဘဝဖြင့် ကြံ့ကြံ့ခံ ရပ်တည်နေပါသည်။ လိုအပ်သည်ဟု သဘောရတိုင်း စာကြောင်း၊ တေပေကြောင်းဖြင့် တင်ပြ ပေးလျှက် ရှိနေပါသည်။

နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်မည့် ရိုးသားဖြူစင်သော ပညာရှင်များ ဦးဆောင်သည့် ရခိုင်ပြည်တပ်မတော်၊ ရခိုင်ပြည်နိုင်ငံရေးပါတီများ ပေါ်ပေါက်လာပါက အကျွန်သည် မျက်စေ့မှိုင်း၊ ခါးကိုင်းနေသော ဇရာအရွယ်သို့ နေပြီး ဖြစ်သော်လည်း ပေးအပ်သော တာဝန်၊ သင့်လျော်ရာတာဝန်များကို အသက်ထက်ဆုံး ဦးဆွဲဆံမြွေ တာဝန်ထမ်းပါဦး မည်။

နောက်ဆက်ဆွဲ (၂) ငါ့၏ သားသမီးများ၊ မြေးမြစ်များ၊ ဆွေမျိုးရင်းချာများ အပေါင်းတို့ နိုင်ငံရေးကို စိတ်ဝင်စား၍ ခြေစုံပစ်ဝင်ရန် ငါရှိရာ နယ်မြေသို့ လုံးဝထွက်မလာကြနှင့်၊ အသက် (၆၅)နှစ်ပြည့်သည့်တိုင်အောင် နိုင်ငံရေးသက် တမ်း (၄၇)ပြည့်သည့်တိုင်အောင် ဒုက္ခနှံထဲ၌ နစ်ပြီးရင်းနစ်ရင်း နစ်နေရသော ငါဒုက္ခသည်ကြီး၏ ဘဝကို သခ်န်းစာ ယူကြ၊ စဉ်းစားကြ၊ ငါကဲ့သို့ ဒုက္ခခံရန် စွန့်လွှတ်အနစ်နာခံခဲ့သမျှ အလဟသဖြစ်ရန် ထွက်မလာကြနှင့်။ (နိုင်ငံရေး လုပ်စားဖြင့် ကျီကျီတက် ချမ်းသာနေကြသူတချို့၏ ခုတုံးအဖြစ် အသုံးချခံရန် လုံးဝ ထွက်မလာကြနှင့်။ ပြည်တွင်း၌ နေ၍ ဒုက္ခမျိုးစုံကို ဗမာပြည်သား သန်း (၅၀)ကျော်တို့နှင့်အတူ ခါးစည်း၍ ခံနေကြရန် အထူးမှာကြား လိုက်သည်။

အထက်က ငါရေးခဲ့သော ရိုးသားဖြူစင်သည့် ရခိုင်ပညာရှင်များ၊ ဦးဆောင်သည့် ရခိုင်နိုင်ငံရေးတပ်မတော်နှင့် ရခိုင် နိုင်ငံရေးပါတီ ပေါ်ပေါက်လာချိန်ကျမှ အဖရခိုင်ပြည်ကြီးအတွက် အသက်နှင့် သွေးကိုရင်း၍ ရခိုင့်ရွှေနန်းကို ပြည်လည် တည်ဆောက်ရန် ပါဝင်ကြ။ ရခိုင်တို့၏ ရာဇဝင်ကြွေးကို သင်တို့၏ အသက်သွေးများကိုရင်း၍ ကြေအောင် ပြန်ဆပ်
ကြပါဟု လေးနက်စွာ မှာကြားလိုက်သည်။

အကျွန့်ကို ယုံကြည်လိုသူများ လွတ်လွတ်လပ်လပ် ယုံကြည်ကြပါ။
အမြင်ကတ်သူများ လွတ်လပ်စွာ သဘောကျ အမြင်ကတ်ကြပါ။



၈၈၈၈ ရခိုင့်သပိတ် ရဲဘော်ကြီး
ရဲဘော် စောရာဇာ
ရခိုင်–ဘင်္ဂလာဒေ့ချ်နယ်စပ်